# အသစ် ပြုပြင် ပြဋ္ဌာန်းထားသော ဂျပန် လူဝင်မှုကြီးကြပ်ရေး ဥပဒေ (အမေး-အဖြေ ပုံစံ)

**နိုင်ငံခြားသားမှတ်ပုံတင်ဥပဒေသစ်။**

တရားဝင်နေထိုင်ခွင့် ဗီဇာ မရှိသေးသူများ [အိုဗာစတေးများ၊ ခါလီဟိုးမေ့ (ယာယီအချုပ်ကင်းလွတ်ခွင့်) ကိုင်ဆောင်ထားသူများ၊ ခါလီထိုင်းဇိုင် (ယာယီနေထိုင်ခွင့် ကိုင်ဆောင် ထားသူများ)] စသည်များ၊ နှင့် ရက်ဖျူဂျီလျှောက်ထားဆဲ ဖြစ်ပြီး နေထိုင်ခွင့် ဗီဇာ တမျိုးမျိုး မရသေးသော ပုဂ္ဂိုလ်များအတွက်။

(အထက်ပါပုဂ္ဂိုလ်များကို တစုတစည်းထဲ " မှတ်ပုံတင်စါရင်း မဝင်သူများ" ဟု သတ်မှတ် ခေါ်ဝေါ် မည်)

ယခုအထိ တရားဝင်နေထိုင်ခွင့် ဗီဇာ မရှိသေးသူများသည် တရားဝင်နေထိုင်ခွင့် မရှိသည့်တိုင် ဂျပန်နိုင်ငံတွင် နေထိုင်လျှက်ရှိကြောင်း အထောက် အထား အနေဖြင့် နိုင်ငံခြားသား မှတ်ပုံတင်(ခ)အေလီယံ ကဒ် (ခ) ဂိုင်ကို ကု ဂျင် သိုရုကုလျှော်(ခ) Gai ko ku jin tho roku shou ကို ရယူ ကိုင်ဆောင်ခွင့် ရှိပါသေးသည်။ သို့သော် လာမည့် (၂၀၁၂) ခုနှစ်၊ ဇူလိုင်လမှ စပြီး လက်ရှိ ကျင့်သုံးနေသော နိုင်ငံခြားသားမှတ်ပုံတင် စနစ်ကို ဖျက်သိမ်းလိုက်မည် ဖြစ်ပါသဖြင့် တရားဝင် နေထိုင်ခွင့် ဗီဇာ မရှိသေးသူများ အဖို့ ကိုင်ဆောင်စရာ မှတ်ပုံတင် တစုံ တရာ ရှိတော့မည် မဟုတ်ပဲ၊ မိမိမည်သူမည်ဝါ ဖြစ်သည် ဆိုသည်ကိုပင် ပြသရန် အထောက် အထား ရှိတော့ မည် မဟုတ်ပါ။

သို့ ဆိုပါလျှင် တရားဝင်နေထိုင်ခွင့် ဗီဇာ မရှိသေးသူများ ရှေ့ ဘာဖြစ်လာမည်နည်း ?

တည်းဖြတ်သည့်အဖွဲ့အစည်း(အင်္ဂလိပ်ဘာသာ)။ ။ Meeting of Countermeasure against Immigration relevant laws / Solidarity network with Migrants Japan (SMJ) NGO Committee against the introduction of "*Zairyu* card (resident card)"system.

ထုတ်ဝေသူ။ ။National Christian Conference on Issues of the Alien Registration Law

မြန်မာဘာသာပြန်သူ။ ။တင်ဝင်း (ဥက္ကဌ) မြန်မာနိုင်ငံအလုပ်သမားများအဖွဲ့ချုပ်-ဂျပန်ပြည် (FWUBC -Japan)

မေးခွန်း(၁)။ ။ လက်ရှိ ကျင့်သုံးနေသော နိုင်ငံခြားသားမှတ်ပုံတင် စနစ်ကို ဖျက်သိမ်းလိုက်မည် တော့မည် ဆိုသည်မှာ ဟုတ်မှန်ပါသလား?

အဖြေ။ ။ မှန်ပါသည်။

လာမည့် (၂၀၁၂) ခုနှစ်၊ ဇူလိုင်လမှ စပြီး ကျင့်သုံး တော့မည်ဖြစ်ပါသည်။ "လူဝင်မှုကြီးကြပ်ရေးနှင့် ဒုက္ခသည်အသိအမှတ်ပြုရေး အက်-ဥပဒေ" (ယခုမှစ၍ "လူဝင်မှုကြီးကြပ်ရေးဥပဒေ"ဟု သုံးနှုန်း မည်)ကို ပြင်ဆင်သည့် ဥပဒေကို ၂၀၀၉ခုနှစ်၊ ဇူလိုင်လ(၁၅)ရက်နေ့က ပြဋ္ဌာန်းခဲ့ပြီး၊ ၂၀၁၂ခုနှစ်၊ ဇူလိုင်လတွင် အဆိုပါ ဥပဒေက ပြဋ္ဌာန်းသော နိုင်ငံခြားသားမှတ်ပုံတင်ခြင်းဆိုင်ရာ လက်ရှိ ကျင့်သုံးနေသော နိုင်ငံခြားသားမှတ်ပုံတင် စနစ် ကို ဖျက်သိမ်းပြီး၊ နိုင်ငံခြားသား မှတ်ပုံတင် ကွပ်ကဲရေး စနစ်သစ် တရပ်ကို လုပ်ထုံး လုပ်နည်း စနစ်သစ် တရပ် စတင် အသက်ဝင်လာမည် ဖြစ်ပါသည်။

အဆိုပါ စနစ်သစ်မှာ နေထိုင်ခွင့်ဗီဇာ (၃)လ အထက် ရထားတဲ့ နိုင်ငံခြားသားတွေကို( အထူးအခြေစိုက်နေထိုင်ခွင့် Special Permanent Residents ရထားသူများမှအပ) အလယ်အလတ်နှင့် ရေရှည် ဂျပန်နိုင်ငံတွင် အခြေစိုက် နေထိုင်ခွင့်ရထားသော နိုင်ငံခြားသားများအဖြစ် သတ်မှတ်ထားပြီး၊ နေထိုင်ခွင့်ဗီဇာ အပေါ် မူတည်လျှက် နိုင်ငံခြားသား အမျိုးအစားကို အောက်ပါဇယားအတိုင်း ခွဲခြားသတ်မှတ်ပြီး ဆက်ဆံသွားမှာဖြစ်ပါတယ်။ ဇယား(၁)ကိုကြည့်ပါ။

| | လက်ရှိ နိုင်ငံခြားသားမှတ်ပုံတင်ဥပဒေ | အသစ်ပြဋ္ဌာန်းလိုက်သော လူဝင်မှုကြီးကြပ်ရေးဥပဒေ | အသစ်ပြဋ္ဌာန်းလိုက်သော အခြေခံနေထိုင်မှု မှတ်ပုံတင်ဥပဒေ (ပုံစံ(၁၀) - အိမ်ထောင်စု ဇယား) |
|---|---|---|---|
| အထူးနေထိုင် ခွင့် (ကိုးရီး ယားနှင့် ထိုင် ဝမ်သားတို့ အတွက် အထူး ပြဋ္ဌာန်းထားသောဥပဒေ) | ဒေသန္တရအစိုးရမှ ထုတ်ပေးထားသော နိုင်ငံခြားသားမှတ်ပုံတင်ကဒ် (အေလီယံကဒ်) | ဒေသန္တရအစိုးရမှ ထုတ်ပေးထားမည့် အထူးအခြေစိုက် နေထိုင်ခွင့်ပြု မှတ်ပုံတင် | ဒေသန္တရအစိုးရမှ ထုတ်ပေးထားမည့် အခြေစိုက်နေထိုင်သူနိုင်ငံ ခြားသား နေထိုင်ခွင့် မှတ်ပုံတင် |
| အလယ်အလတ်နှင့် ရေရှည် ဂျပန်နိုင်ငံတွင် အခြေစိုက်နေထိုင်ခွင့်ရထားသောနိုင်ငံခြားသားများ အတွက် | ဒေသန္တရအစိုးရမှ ထုတ်ပေးထားသော နိုင်ငံခြားသားမှတ်ပုံတင်ကဒ် (အေလီယံကဒ်) | ဒေသန္တရလူဝင်မှုကြီး ကြပ် ရေးရုံးမှ ထုတ်ပေးထား မည့် နေထိုင်ခွင့်လက်မှတ် (ဇိုင်ရိယိုကဒ်ပြား- Zairyu card) | ဒေသန္တရအစိုးရမှ ထုတ်ပေးထားမည့် အခြေစိုက်နေထိုင်သူနိုင်ငံ ခြားသား နေထိုင်ခွင့် မှတ်ပုံတင် |
| တရားဝင်နေထိုင်ခွင့်ဗီဇာ မရှိသူများ/ဒိုဗာစတေးများ အတွက် | ဒေသန္တရအစိုးရမှ ထုတ်ပေးထားသော နိုင်ငံခြားသားမှတ်ပုံတင်ကဒ် (အေလီယံကဒ်) | နေထိုင်ခွင့်လက်မှတ် ထုတ်ပေးမည်မဟုတ် | နိုင်ငံ ခြားသား နေထိုင်ခွင့် မှတ်ပုံတင်ကို ပယ်ဖျက် ပစ်မည်ဖြစ်ပြီး၊ မည်သည့် မှတ်ပုံတင်ခြင်းမျှ ပြုပေး မည်မဟုတ်။ |

မေးခွန်း(၂)။ ။ မည်သို့သော ပုဂ္ဂိုလ်များကို "တရားဝင်နေထိုင်ခွင့် ဗီဇာ မရှိသေးသူများ"ဟု သတ်မှတ် မည်နည်း?

အဖြေ။ ။ ဂျပန်နိုင်ငံတွင် တရားဝင်နေထိုင်ခွင့် ဗီဇာ တမျိုးမျိုး မရှိပဲ၊ တရားမဝင် နေထိုင်နေသူ နိုင်ငံခြားသားများကို "တရားဝင်နေထိုင်ခွင့် ဗီဇာ မရှိသေးသူများ"ဟု သတ်မှတ် ပါသည်။ ဤအမျိုးအစားတွင် တရားဝင် နေထိုင်ခွင့် ဗီဇာ ရက်ကျော် နေထိုင်နေသူ "အိုဗာစတေး"များ၊ ဂျပန်နိုင်ငံသို့ တရားမဝင်နည်းလမ်း (သင်္ဘောဖြင့်ခိုးဝင်ခြင်း၊ နိုင်ငံကူး လက်မှတ်- Passport- အတု(သို့) အခြားသူတဦးဦး၏ နိုင်ငံကူး လက်မှတ်ဖြင့် ဂျပန်နိုင်ငံအတွင်းဝင်ရောက်နေထိုင် နေသူများ)၊ ခါလီဟိုးမေ့ (ယာယီ အချုပ်ကင်းလွတ်ခွင့်)ကိုင်ဆောင်ထားသူများ၊ ခါလီ ထိုင်း ဖိုင် (ယာယီနေထိုင်ခွင့် ကိုင်ဆောင် ထားသူများ) (သို့) အိချိဂျိ ဟိဂယိုး ကယိုးက (ခ) ဂျပန်နိုင်ငံအတွင်း ဝင်ရောက်ပြီး၊ ယာယီ ခိုလှုံခွင့် ရရှိထားများ ပါဝင် ပါသည်။

## ❖ နေထိုင်ခွင့် ဗီဇာ ရက်ကျော် နေထိုင်နေသူ "အိုဗာစတေး"များ။

နေထိုင်ခွင့် ဗီဇာ ရက်ကျော် နေထိုင်နေသူ "အိုဗာစတေး"များ ဆိုသည်မှာ ဂျပန်နိုင်ငံအတွင်းသို့ ကင်းကိုးဗီဇာ(ခ)အလည်အပတ်ဗီဇာဖြင့်ဖြစ်စေ၊ ကော်လိပ်(သို့)ဂျပန်ဘာသာစကားသင်ကျောင်း တက်ခွင့် ဗီဇာ မျိုးဖြင့် တရားဝင် ဝင်ရောက်လာသော်လည်း ခွင့်ပြုထားသော နေထိုင်ခွင့် ကာလကို ကျော်လွန် နေထိုင်လျှက်ရှိသဖြင့် တရားဝင်နေထိုင်ခွင့် ဆုံးရှုံးနေသူများကို ခေါ်ပါသည်။ ဂျပန်တရားရေးဝန်ကြီးဌာန၏ ခန့်မှန်းချက်အရ (၂၀၁၁)ခုနှစ် အစပိုင်းကာလအထိ နေထိုင်ခွင့် ဗီဇာ ရက်ကျော် နေထိုင်နေသူပေါင်း (၇၈, ၄၈၈)ဦး ရှိသည်ဆိုပါသည်။ နိုင်ငံခြားသားတဦးက နေထိုင်ခွင့် ဗီဇာ ရက်ကျော် နေထိုင်ခြင်းသည် ယာဉ်/လမ်း စည်းကမ်းကို ဖေါက်ဖျက်သော ယာဉ်မောင်း တဦးနှင့်အလားတူ သတ်မှတ်ထားသော စည်းကမ်း၊နည်းကို ဖေါက်ဖျက်မှုပြုခြင်းသာ ဖြစ်ပြီး ရာဇဝတ်မှု တစုံတရာ ကျူးလွန်ခြင်း မဟုတ်ပါ။

## ❖ ဂျပန်နိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသူများ။

ဂျပန်နိုင်ငံအတွင်းသို့ ဝင်ရောက်ရာတွင် ပြုလုပ်ရန် လိုအပ်သည့် တရားဝင် နိုင်ငံကူးဝင်ရောက်မှုဆိုင်ရာ လုပ်ထုံး လုပ်နည်းများကို ပြီးပြည့်စုံအောင် ပြုလုပ်ခြင်းမရှိပဲ၊ မဟုတ် မမှန်သော အထောက်အထား အတုများကို တင်ပြ၍၎င်း၊ နယ်စပ်များ၊ဆိပ်ကမ်းများမှ တိတ်တဆိတ်ခိုးဝင်ခြင်းဖြင့်၎င်း တရားမဝင် ဝင်ရောက်လာသူများ ကို "တရားမဝင် ဝင်ရောက်လာသူများ" ဟုခေါ်ပါသည်။

❖ ထိမ်သိမ်းရေးစခမ်းများ( အချုပ်စခမ်း(သို့) ထောင်များ) ယာယီအချုပ် ကင်းလွတ်ခွင့် (ခါလီဟိုးမေ့) ဖြင့် လွတ်မြောက်လာကြသူ နိုင်ငံခြားသားများ။

လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေများ(သို့)အခြား ရာဇဝတ်မှုဥပဒများကို ကျူးလွန်သဖြင့် နိုင်ငံရင်းကို အတင်းအကြပ်ပြန်ပို့ရန် အလားအလာရှိသူများဖြစ်သဖြင့် လူဝင်မှုကြီးကြပ်ရေးအချုပ်စခမ်းများတွင် ထိမ်းသိမ်းထားခြင်း ခံခဲ့ရသော်လည်း ယာယီ အချုပ်ကင်းလွတ်ခွင့်ဖြင့် လွတ်မြောက်လာသူများဖြစ်ကြပါသည်။ ယာယီအချုပ်ကင်းလွတ်ခွင့်ပေးအပ်ရာတွင် အာမခံငွေပေါင်တင်ရခြင်း၊ နေထိုင်ရမည့် နေရာဒေသနှင့် လွတ်လပ်စွာသွားလာခွင့်များကို ကန့်သတ်ခံထားရသည့်အပြင် သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးရုံးသို့ အချိန်မှန်သတင်းပို့ရမည် စသည့် ကန့်သတ်ချက် စည်းကမ်းများ သတ်မှတ်ထားပါသည်။ လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေအရ ထိမ်းသိမ်းခံခဲ့ရသူများသည် ယာယီ အချုပ်ကင်းလွတ်ခွင့်ဖြင့် လွတ်မြောက်လာသည့်တိုင် တရားဝင်နေထိုင်ခွင့် မရပဲ၊ သူတို့ကို မှတ်ပုံတင်ထားခြင်း မခံရသော နေထိုင်သူများ အဖြစ်သာ သတ်မှတ်ခြင်းခံရပါသည်။ ၂၀၀၉ခုနှစ် စါရင်းအရ လူဝင်မှုကြီးကြပ်ရေးအချုပ်စခမ်းများတွင် ထိမ်းသိမ်း ထားခြင်း ခံခဲ့ရသော်လည်း ယာယီအချုပ်ကင်းလွတ်ခွင့်ဖြင့် လွတ်မြောက်လာကြသူစုစုပေါင်းမှာ (၃,၁၀၂)ဦးဖြစ်သည်ဟုသိရပါသည်။

❖ ယာယီနေထိုင်ခွင့်ရ (ခါလီထိုင်းဆိုင်) နိုင်ငံခြားသားများ။

ဒုက္ခသည်အဖြစ်လျှောက်ထားသူများအနက် သတ်မှတ်ထားသော စံနှုန်းများ ပြည့်မီသည့် နိုင်ငံခြားသားများကို ဂျပန်နိုင်ငံတွင် ယာယီနေထိုင်ခွင့် ပြုခြင်းခံရသူများ ဤအစုအဖွဲ့တွင် ပါဝင်ပါသည်။ ဤသို့ ယာယီနေထိုင်ခွင့်ပြုရာတွင် နေထိုင်ရမည့် နေရာဒေသနှင့် လွတ်လပ်စွာ သွားလာခွင့်များကို ကန့်သတ်ထားသည်၊ မည်သည့်အပြုအမူများမလုပ်ရဟူသော ကန့်သတ်ချက်များထားရှိသည့် အပြင် သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးရုံးသို့ အချိန်မှန် သတင်းပို့ရမည် စသည့် ကန့်သတ်ချက် စည်းကမ်းများ သတ်မှတ်ထားပါသည်။ လူဝင်မှုကြီးကြပ်ရေးရုံးက လိုအပ်လျှင် လက်ဗွေနှိပ်ခိုင်းပါသည်။ (၂၀၀၉)ခုနှစ်စါရင်းအရ ဒုက္ခသည်အဖြစ် လျှောက်ထားသူများပေါင်း (၁၀၂၈)ဦးအနက် (၇၂)ဦးသာ ဤသို့သော ယာယီနေထိုင်ခွင့် ရရှိခဲ့ပါသည်။

❖ ဂျပန်နိုင်ငံသို့ ဝင်ရောက်ခွင့်ရပြီး၊ ယာယီခိုလှုံခွင့်ရရှိသော နိုင်ငံခြားသားများ။

ဤသူများသည် ဒုက္ခသည်များဖြစ်နိုင်သည့်အတွက် ဂျပန် လူဝင်မှုကြီးကြပ်ရေးရုံးက ဂျပန်နိုင်ငံသို့ယာယီ ခိုလှုံရန် ဝင်ရောက်ခွင့် ပေးအပ်ခြင်းခံရသူများ ဖြစ်ကြပါသည်။ ယာယီနေထိုင်ခွင့် ရသူများနည်းတူ နေထိုင်ရမည့် နေရာဒေသနှင့် လွတ်လပ်စွာ သွားလာခွင့်များကို ကန့်သတ်ထားသည်၊ မည်သည့်အပြုအမူများမလုပ်ရဟူသော ကန့်သတ်ချက်များထားရှိသည့် အပြင် သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးရုံးသို့ အချိန်မှန် သတင်းပို့ရမည် စသည့် ကန့်သတ်ချက် စည်းကမ်းများ သတ်မှတ်ထား ပါသည်။ (၂၀၀၅)ခုနှစ်မှ (၂၀၀၉)ခုနှစ်အတွင်း ဤသို့ခွင့်ပြုချက်ရသူပေါင်းမှာ (၄)ဦးသာရှိပါသေးသည်။

❖ တရားဝင်နေထိုင်ခွင့် မရှိသော ကလေးသူငယ်များ။

ဂျပန်တွင်တရားဝင်နေထိုင်ခွင့်ပြုထားသူများ စါရင်းမဝင်သူ မိဘများမှ မွေးဖွားလာသူများ၊ ဂျပန်တွင်တရားဝင် နေထိုင်ခွင့် လက်လွတ်ဆုံးရှုံးသွားသောကလေးငယ်များ၊ ဂျပန်နိုင်ငံတွင်းသို့ တရားဝင်နေထိုင်ခွင့် မရှိပဲ ဝင်ရောက်လာသော ကလေးငယ်များကို ဆိုလိုပါသည်။ ဤသို့သောကလေးငယ်များ၏ အရေအတွက်နှင့် ပတ်သက်သည့် စါရင်းအတိအကျ မရှိသော်လည်း အတောအတန်များမည်ဟုခန့်မှန်းရပါသည်။

❖ ဒုက္ခသည်အဖြစ် အသိအမှတ်ပြုခံရသူများနှင့် အထူးနေထိုင်ခွင့်ရရှိသူများ။

သင်သည် ဒုက္ခသည်အဖြစ် အသိအမှတ်ပြုခံရလျှင်ဖြစ်စေ၊ အထူးနေထိုင်ခွင့်ရရှိလျှင်ဖြစ်စေ သင်သည် ဂျပန် နိုင်ငံတွင် တရားဝင်နေထိုင်ခွင့် ရရှိပြီးဖြစ်ပါသည်။

ဂရာဖ်(၁)။ ။ နိုင်ငံသားအလိုက် ဗီဇာရက်ကျော် နေထိုင်သူများအရေအတွက်ပြောင်းလဲလာပုံ။




မေးခွန်း(၃)။ ။လူဝင်မှုကြီးကြပ်ရေး စနစ်သစ်အရ မည်သို့သော အပြောင်းအလဲများ ဖြစ်လာမည် နည်း။

အဖြေ။ ။ ။လူဝင်မှုကြီးကြပ်ရေး စနစ်သစ်ကို စတင်လိုက်သည်နှင့် လက်ရှိ နိုင်ငံခြားသား မှတ်ပုံတင် အက်ဥပဒေကို ဖျက်သိမ်းလိုက်မည်ဖြစ်ပါသည်။ လက်ရှိ နိုင်ငံခြားသား မှတ်ပုံတင် အက်ဥပဒေအရ ဂျပန်တွင်တရားဝင်နေထိုင်ခွင့်ပြုထားသူများ စါရင်းမဝင်သူများဖြစ်လင့်ကစား ရက်ပေါင်း(၉၀)အထက်ဂျပန်နိုင်ငံ

တွင်နေထိုင်ပါက နိုင်ငံခြားသား မှတ်ပုံတင်ကဒ် (အေလီယံကဒ်) ကိုင်ဆောင်ခွင့်ရှိပါသေးသည်။ သို့သော် စနစ်သစ်တွင် "ဇိုင်ရိုယိုကဒ်" ဟုအမည်တွင်သော ကဒ်ပြားသစ်တမျိုးကို အလယ်အလတ်နှင့် ရေရှည် ဂျပန်နိုင်ငံတွင် အခြေစိုက်နေထိုင်ခွင့်ရထားသောနိုင်ငံခြားသားများအတွက်သာ ထုတ်ပေးတော့မည်ဖြစ်ပါသည်။ ယခုအခါ အေးလီယံကဒ်တွင် ဗီဇာ(နရှိ)မရှိဟု ဖေါ်ပြထားသောကဒ်ပြားကိုင်ဆောင်သူများသည် လူဝင်မှုကြီး ကြပ်ရေး ဥပဒေသစ် ပြဌာန်းမည့် (၂၀၁၂ခုနှစ်၊ ဇူလိုင်လ)ရက်မှ (၃)လတာကာလအတွင်း မိမိကိုင်ဆောင်ထား သည့် ကဒ်ပြားကို လူဝင်မှုကြီး ကြပ်ရေးဗျူရိုသို့ ပြန်လည်အပ်နှံရမည်ဖြစ်ပါသည်။

ဂရားဖ်(၂)။ ။ ဂျပန်တွင်တရားဝင်နေထိုင်ခွင့်ပြုထားသူများ စါရင်းမဝင်သူနှင့် နိုင်ငံခြားသားမှတ်ပုံတင်ကဒ်။




❖ သင် မိမိမည်သူမည်ဝါဖြစ်ကြောင်း သက်သေခံမည့် အထောက်အထား ကွယ် ပျောက် ရတော့မည်။

ပြဌာန်းမည့်ဥပဒေသစ်အရ နိုင်ငံခြားသားများအနေနှင့် ဒေသန္တရ အစိုးရ၏ ဒေသအတွင်းနေသူများအခြေခံ မှတ်ပုံတင်စါရင်းတွင် မှတ်ပုံတင်ပေးခြင်းခံရပြီး၊ နေထိုင်ခွင့်ဆိုင်ရာ အသိအမှတ်ပြုလွှာ လက်ခံရရှိမည် ဖြစ်ပါသည်။ သို့သော် ဤအရာများသည် အလယ်အလတ်နှင့် ရေရှည် ဂျပန်နိုင်ငံတွင် အခြေစိုက် နေထိုင်ခွင့် ရထားသောနိုင်ငံခြားသားများ၊ ယာယီနေထိုင်ခွင့်ရရှိထားသူများနှင့် ယာယီခိုလှုံခွင့်ရရှိထား သူများအတွက်သာ ဖြစ်ပါမည်။ အခြား ဂျပန်တွင်တရားဝင်နေထိုင်ခွင့်ပြုထားသူများ စါရင်းမဝင် သူများ အကြုံးမဝင်ပေ။

သို့ဖြစ်ပါ၍ ဂျပန်တွင်တရားဝင်နေထိုင်ခွင့်ပြုထားသူများ စါရင်းမဝင်သူအများစုသည် နေထိုင်ခွင့်ကဒ်ပြားကို သော်၎င်း၊ နေထိုင်ခွင့်ဆိုင်ရာ အသိအမှတ်ပြုလွှာကို၎င်း ရရှိတော့မည်မဟုတ်သဖြင့် ဗဟိုအစိုးရထံမှ၎င်း၊ ဒေသန္တရ အစိုးရထံမှ၎င်း မိမိမည်သူမည်ဝါဖြစ်ကြောင်း သက်သေခံအထောက်အထား လုံးဝ ကိုင်ဆောင်နိုင် တော့မည်မဟုတ်ပါ။

မေးခွန်း(၄)။ ။လူဝင်မှုကြီးကြပ်ရေးဥပဒေသစ်အောက်မှာ ကျွန်တော်တို့ရဲ့ယခု လက်ရှိ ရရှိခံစား ရရှိ နေတဲ့ အာမခံထားသည့် အခွင့်အရေးတွေအပေါ် ဘယ်လို အကျိုးသက်ရောက် နိုင်ပါသလဲ?

အဖြေ။ ။ လူဝင်မှုကြီးကြပ်ရေး စနစ်သစ်ကို စတင်လိုက်သည့်တိုင် လက်ရှိ နိုင်ငံခြားသားများ ခံစားနေကြရသော အာမခံထားသည့် အခွင့်အရေးတွေအပေါ်မည်သည့် ထင်ရှားသည့် အပြောင်းအလဲများ ရှိမည် မဟုတ်ဟု အစိုးရက ဒါးယက်လွှတ်တော်တွင် တရားဝင် ရှင်းလင်း ပြောကြားခဲ့ပါသည်။

❖ အခြေခံ ရပိုင်ခွင့် အခွင့်အရေးများ အများစုအား အာမခံထားခြင်း။

လက်ရှိ ကာလတွင် အခြခံအကျဆုံး အခြေခံရပိုင်ခွင့် အခွင့်အရေးများကို ဂျပန်တွင်တရားဝင်နေထိုင်ခွင့်ပြု ထားသူများစါရင်း မဝင်သူများပင် ခံစားရရှိနေပါသည်။ ဥပမာအားဖြင့် ဤရပိုင်ခွင့်များတွင် "ပညာသင်ကြားခွင့်၊ မိခင်နှင့်မွေးကင်းစ ကလေးများ ကျန်းမာရေးနှင့် ဆေးဝါးကုသမှုရရှိပိုင်ခွင့်၊ အလုပ်သမားအခွင့်အရေးနှင့် ပတ်သက်သော ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းအများအပြား (ဇယား(၂)ကိုကြည့်ပါ)။ အဆိုပါ အခြေခံ ရပိုင်ခွင့်များ အပြင် တရားစွဲဆိုပိုင်ခွင့်နှင့် စွဲဆိုခံရပိုင်ခွင့်၊ လွပ်လပ်စွာ ထုတ်ဖေါ်ပြောဆိုခွင့်နှင့် လူမျိုးရေးနှင့် အခြားအချက်များကိုအခြေခံပြီး ခွဲခြားဆက်ဆံမှု မရှိစေရေးကိုအာမခံသည့် အခွင့်အရေးများ ကိုလည်း ခံစား နေရပါသည်။

❖ နေရပ်လိပ်စာ မှန်ကန်ကြောင်း သက်သေပြနိုင်ဖို့။

စနစ်ဟောင်းတွင် သင်သည် သင်နေထိုင်ရာ ရပ်ကွက်တွင် နေထိုင်သူ အဖြစ် သက်သေထူရန် ဒေသန္တရအစိုးရအား သင်၏ နိုင်ငံခြားသားမှတ်ပုံတင်ကဒ်(အေလီယံကဒ်)ပြနိုင်လျှင် သင်သည် အစိုးရ၏ ဝန်ဆောင်မှုများ ရရှိခံစားနိုင် ပါသည်။ သို့သော် စနစ်သစ်တွင် သင့်အတွက် အခြားနည်းလမ်း လိုအပ်မည် ဖြစ်ပါသည်။ ယခင်က ဂျပန်တွင်တရားဝင်နေထိုင်ခွင့်ပြုထားသူများစါရင်း မဝင်သူများကို မိမိကပေးဆောင် နေသော ရေမီး၊ဂက်စ် စသည့် ပြေစာများပြသရုံနှင့်ပင် လက်ခံဆောင်ရွက်ပေးသော အစဉ်အလာရှိခဲ့ပါသည်။

❖ အသစ် ပြုပြင် ပြဌာန်းထားသော ဥပဒေသို့ နောက်တိုးပြဌာန်းချက်များ

အထက်ပါပြဿနာများနှင့် အခက်အခဲများကို ဒါးယက်လွှတ်တော်သို့တင်ပြသောအခါ နောက်တိုးပြဌာန်းချက်အချို့ကို အသစ်ပြုပြင်ပြဌာန်းလိုက်သော လူဝင်မှုကြီးကြပ်ရေးနှင့် အခြေခံနေထိုင်မှုမှတ်ပုံတင် (ပုံစံ ၁၀) ဥပဒေသို့ ထပ်တိုးပြဌာန်းချက်များအဖြစ် လွှတ်တော်က အတည်ပြုပေးခဲ့ပါသည်။

အထက်ပါထပ်တိုးပြဌာန်းချက်က အသစ်ပြုပြင်ပြဌာန်းလိုက်သောဥပဒေ စတင် အသက်ဝင်လာသည့်အခါ ဇယား(၂)ပါ အခြေခံအခွင့်အရေး(ရပိုင်ခွင့်)များကို ဆက်လက်ခံစားရရှိရေးကို အာမခံနိုင်ရေးအတွက် ပြည်ထဲရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန နှင့် ကျန်းမာရေးအလုပ်သမားရေးနှင့်လူမှုဖူလုံရေးဝန်ကြီးဌာနတို့က ဒေသန္တရအစိုးရနှင့် ပူးပေါင်းဆောင်ရွက်ပါရန် တောင်းဆိုထားပါသည်။

ဇယား(၂)။

| System | (မှတ်ပုံတင်စါရင်း မဝင်သူများ )ခံစားခွင့်ရှိ မရှိ | မှတ်ချက် |
|---|---|---|
| အလုပ်သမားစံသတ်မှတ်ချက်ဥပဒေ | ○ | အခြေခံအလုပ်သမားအခွင့်အရေးအများစုကို ခံစားခွင့်။ |
| အလုပ်သမားသမဂ္ဂ ဥပဒေ | ○ | အလုပ်သမားသမဂ္ဂများတွင် ပါဝင်ခွင့်ကို အာမခံခြင်း။ |
| အနိမ့်ဆုံးလုပ်ခ သတ်မှတ်ချက်ဥပဒေ | ○ | အနိမ့်ဆုံးလုပ်ခ၊လစာ ခံစားခွင့်ကို အာမခံခြင်း။ |
| လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဥပဒေ | ○ | လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး(လုံခြုံရေး) |
| လုပ်ငန်း မတော်တဆထိခိုက်မှုလျော်ကြေးအာမခံထားရှိခွင့် | ○ | လုပ်ငန်း မတော်တဆထိခိုက်မှုနှင့် မကျန်းမမာဖြစ်မှုအတွက် လျော်ကြေးငွေ ခံစားခွင့်။ |
| အလုပ်အကိုင်တည်မြဲရေးအာမခံထားရှိခွင့် | × | အလုပ်လက်မဲ့ဖြစ်သည့်အခါ ရရှိသော ထောက်ပံ့ကြေး |
| ကျန်းမာရေးအာမခံထားရှိခွင့် | × | လုပ်ငန်းခွင်နှင့်မသက်ဆိုင်သော ပုဂ္ဂလိက မတော်တဆထိခိုက်မှုနှင့်မကျန်းမမာဖြစ်မှု အာမခံထားရှိမှု။ |
| လူမှုအထောက်အပံ့ရရှိခံစားပိုင်ခွင့် | × | အခြေခံလူနေမှု အဆင့်ပြည့်မီရေးအာမခံခြင်း။ |
| ကျောင်းပညာသင်ကြားခွင့် | ○ | ကလေးသူငယ်များ ကျောင်းတွင် ပညာသင်ကြားခွင့်။ |
| မိခင်နှင့်ကလေးကျန်းမာရေးပညာပေးလက်စွဲစာအုပ် | ○ | ကိုယ်ဝန်ဆောင်နှင့်မီးဖွားချိန် အထောက်အကူရရှိရေး။ |
| မီးဖွားချိန် ဆေးရုံတက်စဉ် စောင့်ရှောက်မှု | ○ | မီးဖွားစဉ် ငွေကြေးအထောက်အပံ့ ရရှိရေး။ |
| လမစေ့ပဲ ဖွားမြင်သော မွေးကင်းစ ကလေးစောင့်ရှောက်မှု | ○ | လမစေ့ပဲ ဖွားမြင်သော မွေးကင်းစ ကလေး ကျန်းမာရေး စောင့်ရှောက်မှု |
| ကိုယ်လက်အင်္ဂါချို့တဲ့သောကလေးငယ်အား ဆေးဘက်ဆိုင်ရာစောင့်ရှောက်မှု | ○ | ကိုယ်လက်အင်္ဂါချို့တဲ့စွာမွေးဖွားလာသော ရင်သွေးငယ် စောင့်ရှောက်ရေး |
| နာလံထကျန်းမာရေးစောင့်ရှောက်မှု | △ | ကိုယ်လက်အင်္ဂါချို့တဲ့သော(သို့) နာတာရှည် ရောဂါ ခံစားနေရသော အရွယ်ရောက်သူအား ကျန်းမာရေး စောင့်ရှောက်ခြင်း |

| | | |
|---|---|---|
| | | (ဥပမာ- ကျောက်ကပ် ပျက်ဆီး နေသူများ(သို့) အိချ်အိုင်ဗီ ရှိနေသူများ) |
| တီဘီရောဂါဆေးကုသမှု | ○ | ရောဂါကူးစက်မှုမှ ကာကွယ်ရန် သီးသန့် ခွဲခြား ဖယ်ထုတ် နေထိုင်စေခြင်းပါဝင်သည်။ |
| စိတ်ရောဂါဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှု | ○ | စိတ်ကစဉ့်ကလျားရောဂါ၊ စိတ်ကျရောဂါနှင့်အခြားနာတာရှည် စိတ်ရောဂါများကို ကုသခြင်း။ |
| နာတာရှည်ရောဂါခံစားနေရသော ကလေးသူငယ်များအားကျန်းမာရေးစောင့်ရှောက်မှု | ○ | ကလေးသူငယ်များတွင် ကင်ဆာရောဂါကဲ့သို့သော နာတာရှည်ရောဂါများကို ဆေးဝါးကုသရာတွင် ကုသနည်းမျိုးကွဲများ၊ အသစ်များ အကြောင်းကို ပါ သုတေသနဆက်သွယ်ရယူပြီး ကုသပေးခြင်းများ အတွက် ငွေကြေးထောက်ပံ့ခြင်း။ |
| ရောဂါဘယ ကာကွယ်ဆေးထိုးခြင်း | ○ | ---------------------------------------------------- |
| ခရီးသွားရင်းရောဂါကူးစက်လာသူများအား ဆေးကုသပေးခြင်း | ○ | မှတ်ပုံတင်ထားသော(အတည်တကျ) နေရပ်လိပ်စာ(သို့) အလုပ် လိပ်စာ မရှိသူများနှင့်အာမခံပေးမည့်သူ မရှိသူများ (ယာယီသဘော) ဆေးရုံတက် ဆေးကုသခွင့်ရရှိရေး။ |
| ဆေးကုသမှုခံယူသူက ဆေးကုသစရိတ် မပေးသဖြင့် လျော်ကြေးပေးခြင်း | ○ | ဤအစီအစဉ်ကို မြူနီစပါယ် ဒေသ အနည်းငယ်တွင်သာ ရရှိနိုင်သည်။ |

○ ⇨ ခံစားခွင့်ရှိသည်။ × ⇨ ခံစားခွင့်မရှိပါ။ △ ⇨ ဒေသန္တရအလိုက်ခံစားခွင့် ရှိမရှိ ကွာခြားသည်။

မေးခွန်း(၅)။ ။ရီဖြူဂျီ(ဒုက္ခသည်)လျှောက်ထားသူများအပေါ် ဘယ်လိုသက်ရောက်မှုတွေရှိမှာလဲ?

အဖြေ။ ။ရီဖြူဂျီ(ဒုက္ခသည်)လျှောက်ထားသူများ အနက်(၃)လနှင့်အထက် သက်တမ်းရှိသော ဂျပန်နိုင်ငံတွင် နေထိုင်ခွင့်ဗီဇာအဆင့်အတန်း ရှိသူများကို အလယ်အလတ်နှင့် ရေရှည် အခြေစိုက် နေထိုင်ခွင့် ရထားသူများ အဖြစ် သဘောထားမှာ ဖြစ်ပါတယ်။ သင်တို့သည် နေထိုင်ခွင့်လက်မှတ်(Zairyu card) ရရှိမှာဖြစ်ပြီး၊ သင်နေထိုင်ရာ အရပ်ရှိဒေသန္တရ အစိုးရက သင့်အား နိုင်ငံခြားသား နေထိုင်ခွင့်လက်မှတ် ထုတ်ပေးမှာ ဖြစ်ပါတယ်။

သို့သော် ကာလီဟိုးမေ့(ခေါ်)ယာယီအချုပ်ကင်းလွတ်နေထိုင်ခွင့် (သို့) ယာယီခိုလှုံခွင့်အတွက် ဂျပန်နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ရထားသူ ရီဖြူဂျီ(ဒုက္ခသည်)လျှောက်ထားသူများမှာမူ နေထိုင်ခွင့် မှတ်ပုံတင်လက်မှတ်(jumin-hyo for a foreign resident) ရရှိမှာ ဖြစ်သော်လည်း နေထိုင်ခွင့်လက်မှတ်(Zairyu card) ရရှိမည်မဟုတ်ပါ။

နေထိုင်ခွင့် ဗီဇာ လုံးဝ မရှိသူများနှင့် (၃)လအထိသာသက်တမ်းရှိသော ကာလီထိုင်ဖိုင်ခေါ် ယာယီနေထိုင်ခွင့် ရထားသူများမှာ နေထိုင်ခွင့် မှတ်ပုံတင် လက်မှတ်(jumin-hyo for a foreign resident) ရော၊ နေထိုင်ခွင့်လက်မှတ်(Zairyu card)ပါ လုံးဝရရှိလိမ့်မည်မဟုတ်ပါ။ လူဝင်မှုကြီးကြပ်ရေးထိမ်းသိမ်းစခမ်း

တခုခုက ကာလီဟိုးမေ့(ခေါ်) ယာယီ အချုပ်ကင်းလွတ်နေထိုင်ခွင့် ရရှိထားသူများနှင့် အတန်းတစားတည်း သတ်မှတ်ခံရမည်ဖြစ်ပါသည်။

- ❖ ဒုက္ခသည်လျှောက်ထားဆဲပုဂ္ဂိုလ်များ အမျိုးသားကျန်းမာရေးအာမခံစနစ် အတွင်းပါဝင်ခွင့်ရှိပါသလား?

နေထိုင်ခွင့်ဗီဇာသက်တမ်း (၁)နှစ်နှင့်အထက်ရှိသူ(သို့) ဂျပန်နိုင်ငံအတွင်းဝင်ရောက်စဉ်က အဆိုပါပုဂ္ဂိုလ်သည် ဂျပန်နိုင်ငံအတွင်း (၁)နှစ်မက နေထိုင်ရန်အလားအလာရှိသည်ဟုယူဆစရာရှိသော ဒုက္ခသည် လျှောက်ထားဆဲ ပုဂ္ဂိုလ်များ အမျိုးသားကျန်းမာရေးအာမခံစနစ် အတွင်းပါဝင်ခွင့်ရှိပါသည်။ မည်သို့ပင်ဆိုစေ၊ အမျိုးသား ကျန်းမာရေး အာမခံစနစ်အတွင်းဝင်ရောက်နိုင်ခြင်းမရှိသော ဒုက္ခသည် လျှောက်ထားဆဲ ပုဂ္ဂိုလ်များ အမြောက်အများရှိနေပြီး ထိုသူများသည် ဆေးဝါးကုသစရိတ် (၁၀၀%)ကို ကုန်ကြခံ နေကြရပါသည်။

- ❖ မူလတန်းနှင့် အလယ်တန်းကျောင်းများတွင် အခမဲ့ပညာသင်ကြားခွင့် ကတော့ ရှိနေမည်ဖြစ်သည်။

- ❖ ကလေးသူငယ်များသည် တရားဝင်ဗီဇာ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မူလတန်းနှင့် အလယ်တန်းကျောင်းများတွင် အခမဲ့ပညာသင်ကြားခွင့် ရှိပါသည်။ သို့သော် ထိုသို့သော ကလေးများ မူလတန်းနှင့် အလယ်တန်းပညာ မသင်မနေရ ပြဌာန်းချက်တွင် အကြုံးမဝင်သဖြင့် သက်ဆိုင်ရာက မိသားစုအား ကျောင်းနေခွင့်အတွက် လာရောက်လျှောက်ပါရန် အကြောင်းကြားစာ ပေးပို့ခြင်း မရှိသည့် ပြဿနာများရှိနိုင်ပါသည်။

- ❖ ဇယား(၃)။ အသစ် ပြုပြင် ပြဌာန်းထားသော ဥပဒေသစ်က ဒုက္ခသည်လျှောက်ထားဆဲပုဂ္ဂိုလ်များအပေါ် သက်ရောက်မှုများ။

<table>
<tr><th colspan="2">နေထိုင်ခွင့်အဆင့်အတန်း</th><th>နေထိုင်ခွင့်လက်မှတ် (Zairyu card)</th><th>နေထိုင်ခွင့် မှတ်ပုံတင် လက်မှတ်(jumin-hyo for a foreign resident)</th><th>ကျန်းမာရေးအာမခံ</th><th>ကလေးသူငယ်များ အခမဲ့ပညာသင်ကြားခွင့်</th></tr>
<tr><td rowspan="2">တရားဝင်နေထိုင်ခွင့်</td><td>(၃)လ အထက် သက်တမ်း</td><td>○</td><td>○</td><td>△</td><td>○</td></tr>
<tr><td>(၃)လနှင့် အောက် သက်တမ်း</td><td>×</td><td>×</td><td>×</td><td>○</td></tr>
<tr><td rowspan="3">တရားဝင်နေထိုင်ခွင့် မရှိ</td><td>ယာယီနေထိုင်ခွင့်</td><td>×</td><td>○</td><td>△</td><td>○</td></tr>
<tr><td>ယာယီနိုလုံခွင့်</td><td>×</td><td>○</td><td>△</td><td>○</td></tr>
<tr><td>အခြား</td><td>×</td><td>×</td><td>×</td><td>○</td></tr>
</table>

○ ⇨ ခံစားခွင့်ရှိသည်။ × ⇨ ခံစားခွင့်မရှိပါ။ △ ⇨ ယေဘူယျအားဖြင့်ခံစားခွင့်မရှိပါ၊ သို့သော် ရံဖန်ရံခါ ရတတ်။

- ❖ တရားဝင်နေထိုင်ခွင့်အဆင့်အတန်းမရှိသေးသော ဒုက္ခသည်လျှောက်ထားဆဲပုဂ္ဂိုလ်များ၏ အခွင့်အရေး အာမခံချက်များ။

ဒုက္ခသည်လျှောက်ထားဆဲပုဂ္ဂိုလ်များအပါအဝင် တရားဝင် နေထိုင်ခွင့် အဆင့်အတန်းမရှိသေးသော နိုင်ငံခြားသားများ အားလုံးသည် ဇယား(၂)တွင်ဖော်ပြထားသော အခွင့်အရေးများကို ဆက်လက် ခံစားခွင့် ရှိပါသည်။ ထို့အတူ၊ တရားဝင်နေထိုင်ခွင့်တမျိုးမျိုး မရှိသည့်တိုင် ဒုက္ခသည်လျှောက်ထားဆဲ ပုဂ္ဂိုလ်များ သည် အခြေခံအလုပ်သမားအခွင့်အရေးအမျိုးမျိုးကို ခံစားခွင့်ရှိပြီး၊ အစိုးရက ကြီးကြပ်သော စိတ်ပိုင်းဆိုင်ရာရောဂါဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများကို ရရှိခံစားခွင့်ရှိမည်ဖြစ်ပါသည်။ ဥပမာ ဒုက္ခသည် လျှောက်ထားဆဲ အမျိုးသမီးတဦး မီးဖွားလျှင် ဆေးရုံတက် သားဖွားမှု အတွက် ငွေကြေးအထောက်အပံ့ ရယူနိုင်ပါသည်။

မေးခွန်း(6)။ ။ကျွန်တော့်ရဲ့ နေထိုင်ခွင့်အဆင့်အတန်း ပြန်လည်ရုပ်သိမ်းခံရလျှင် (သို့) သက်တမ်းကုန်ဆုံးသွားလျှင် မည်သို့ဖြစ်လာမည်နည်း ?

အဖြေ။ ။ ။အကယ်၍သင်သည် ဂျပန်နိုင်ငံသို့ ဝင်ရောက်စဉ်ကတည်းက တရားဝင်နေထိုင်ခွင့်ကို ရရှိခဲ့သည့်တိုင် သင်၏နေထိုင်ခွင့်ကိုရုပ်သိမ်းခံရလျှင်ဖြစ်စေ၊ သင်က နေထိုင်ခွင့်သက်တမ်းတိုးရန် မေ့လျော့ သွားခဲ့လျှင်ဖြစ်စေ၊ သင်သည် တရားဝင်နေခွင့် ဆုံးရှုံးသွားနိုင်ပါသည်။

- ❖ နိုင်ငံခြားသားတဦး၏ နေထိုင်ခွင့်လက်မှတ်(Zairyu card)ရုပ်သိမ်းခြင်း နှင့် နေထိုင်ခွင့် မှတ်ပုံတင် လက်မှတ်(jumin-hyo for a foreign resident) ပယ်ဖျက်ခြင်း၊

သင်၏ နေထိုင်ခွင့်ဗီဇာရုပ်သိမ်းခံရလျှင်(သို့) သက်တမ်းကုန်ဆုံးသွားလျှင် သင်၏ နေထိုင်ခွင့် လက်မှတ် (Zairyu card)သည် ပျက်ပြယ်ပြီး၊ (၁၄)ရက်အတွင်း အဆိုပါ နေထိုင်ခွင့် လက်မှတ် (Zairyu card)ကို လူဝင်မှုကြီးကြပ်ရေးဗျူရိုသို့ ပြန်လည်အပ်နှံရမည်ဖြစ်ပါသည်။ အကယ်၍ ယင်းသို့ တသ်မှတ်ရက်အတွင်း အပ်နှံရန် ပျက်ကွက်ပါက ဒဏ်ငွေ သောင်းနစ်ရာအထိ ဒဏ်ကြေးဆောင်ရပါမည်။

ထို့အပြင်၊ တရားရေးဝန်ကြီးဌာနက သင်တွင် နေထိုင်ခွင့်ဗီဇာ ဆုံးရှုံးသွားပြီဖြစ်ကြောင်းကို သင်နေထိုင်ရာ ဒေသန္တရ အစိုးရအား အကြောင်းကြားမည်ဖြစ်ပါသည်။ ထိုအခါ ဒေသန္တရ အစိုးရက သင့်အား အခြေခံနေထိုင်မှု မှတ်ပုံတင် စါရင်းမှ ပယ်ဖျက်လိုက်မည်ဖြစ်ပါသည်။

ဂရားဖ်(၃)။ ဒုက္ခသည် အဖြစ်လျှောက်ထားစဉ် ဒုက္ခသည် လျှောက်ထားသူများ၏ နေထိုင်ခွင့် အဆင့်အတန်း။




တရားဝင်နေထိုင်ခွင့်ဗီဇာမရှိသူများ ("မှတ်ပုံတင်စါရင်း မဝင်သူများ")

တရားဝင်နေထိုင်ခွင့်ဗီဇာရှိကြသူများ

မေးခွန်း(၇)။ ။အစိုးရက ကျွန်တော်နှင့် ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို ဘယ်လို ရယူမှာပါလဲ?

အဖြေ။ ။ အသစ် ပြုပြင် ပြဌာန်းထားတဲ့ ဥပဒေသစ်အရ၊ အလယ်အလတ်နှင့် ရေရှည် ဂျပန်နိုင်ငံတွင် အခြေစိုက်နေထိုင်ခွင့်ရထားတဲ့ နိုင်ငံခြားသားများအကြောင်း ပုံမှန် သတင်းအချက်အလက်ရယူခွင့်ပြုထားတဲ့ ပြဌာန်းချက်တွေပါရှိပါတယ်။ ဒါပေမဲ့ ဒီလိုသတင်းအချက်အလက် ရယူခွင့်ဟာ တရားဝင်နေထိုင်ခွင့်ဗီဇာ မရှိသူများ ("မှတ်ပုံတင်စါရင်း မဝင်သူများ") အတွက် အကြုံးမဝင်ပါဘူး။

အကြောင်းက တရားဝင်နေထိုင်ခွင့်ဗီဇာ မရှိသူများ ("မှတ်ပုံတင်စါရင်း မဝင်သူများ") က ဂျပန်နိုင်ငံမှာ နေထိုင်နေတာဟာ အုပ်ချုပ်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ (ဆိုလိုတာက လူဝင်မှုကြီးကြပ်ရေးဥပဒေ)ကို ကျူးလွန်ဖေါက်ဖျက်ရာရောက်တာကြောင့် တာဝန်ရှိ အစိုးရဝန်ထမ်းတွေက တရားဝင်နေထိုင်ခွင့်ဗီဇာ မရှိသူများ ("မှတ်ပုံတင်စါရင်း မဝင်သူများ")ကို လူဝင်မှုကြီးကြပ်ရေးဗျူရိုသို့ သတင်းပေးတိုင်ကြားဖို့ တာဝန်ရှိပါတယ်။ သို့ပင်သော်ငြားလည်း အကယ်၍ အထက်ပါကဲ့သို့ တိုင်းကြားမှုက သက်ဆိုင်ရာအရာရှိ(သို့) အုပ်ချုပ်ရေးအေဂျင်စီ နှင့် သဟာဇတမဖြစ်ဟုယူဆနိုင်သည့် ကိစ္စမျိုးတွင် အစိုးရအရာရှိက တိုင်တန်ခြင်း၏

အကျိုးအပြစ်ကို ချိန်ဆပြီး၊ တိုင်မည်(သို့)မတိုင်ပဲနေမည်ကို ချင့်ချိန်လျက် အခြေနေအရ ဆုံးဖြတ်ရပါသဖြင့် တပြေးညီ မဟုတ်ပဲ အမျိုးမျိုးဖြစ်တတ်ပါသည်။

❖ စာသင်ကျောင်းများနှင့် အလုပ်သမားစံချိန်စံညွှန်း စီမံခန့်ခွဲမှု ဗျူရို

အထက်တွင်ဖေါ်ပြထားသော အကြောင်းရင်းများကြောင့် စာသင်ကျောင်းက တာဝန်ရှိတဲ့ဆရာ၊ဆရာမတွေက တရားဝင်နေထိုင်ခွင့်ဗီဇာ မရှိသူများ ("မှတ်ပုံတင်စါရင်း မဝင်သူများ") ရဲ့သားသမီးတွေ ကျောင်းမှာရှိနေကြောင်း လူဝင်မှုကြီးကြပ်ရေးရုံးကို မတိုင်တာဖြစ်ပါတယ်။ အလားတူပဲ အလုပ်သမားစံချိန်စံညွှန်း စီမံခန့်ခွဲမှု ဗျူရိုက အရာရှိတွေကလည်း အလုပ်သမားဥပဒေချိုးဖေါက်ခံရမှုနှင့်ပတ်သက်ပြီး လာတိုင်တဲ့ တရားဝင်နေထိုင်ခွင့်ဗီဇာ မရှိသူအလုပ်သမားကို မတိုင်တာဖြစ်ပါတယ်။

မေးခွန်း(၈)။ ။ဒီ အသစ် ပြုပြင် ပြဌာန်းထားတဲ့ ဥပဒေသစ်အရ ဆိုရင် ကျွန်တော်အလုပ်လုပ်ခွင့် မရှိတော့ဘူး လို့ ဆိုလိုတဲ့သဘောလား ?

အဖြေ။ ။ ။ ဟုတ်ပါတယ်၊ နေထိုင်ခွင့်လက်မှတ်(Zairyu card) (သို့) အထူးအမြဲ အခြေစိုက် နေထိုင်ခွင့် လက်မှတ် မရှိတဲ့ နိုင်ငံခြားသားတဦးဟာ ဂျပန်နိုင်ငံမှာ အသက်ရှင်ရပ်တည်နေနိုင်ဖို့ အလုပ်လုပ်ခွင့် မရှိတော့ဘူး ဆိုတဲ့ အဓိပ္ပါယ်ပါပဲ။

လူဝင်မှုကြီးကြပ်ရေးဗျူရိုက ဂျပန်နိုင်ငံသားများထံက အီးမေးလ်များ၊ တယ်လီဖုံးဆက်သွယ်မှုများနှင့် ဖက်(စ်)များက တဆင့် ရရှိတဲ့ တိုင်းကြားမှုတွေအပေါ်အခြေတည်ပြီး တရားဝင်နေထိုင်ခွင့်ဗီဇာ မရှိသူများ ("မှတ်ပုံတင်စါရင်း မဝင်သူများ")ကို လိုက်လံဖမ်းဆီးနေပါတယ်။ ဒါတင်မက ဥပဒေအသစ်အရ အလယ် အလတ်နှင့် ရေရှည် ဂျပန်နိုင်ငံတွင် အခြေစိုက်နေထိုင်ခွင့်ရထားတဲ့ နိုင်ငံခြားသားများတောင် နေထိုင်ခွင့် လက်မှတ်(Zairyu card)ကို မိမိနှင့်တပါတည်း အမြဲယူဆောင်ထားဖို့ ပြဌာန်းထားပါပြီ။

အလယ် အလတ်နှင့် ရေရှည် ဂျပန်နိုင်ငံတွင် အခြေစိုက်နေထိုင်ခွင့်ရထားတဲ့ နိုင်ငံခြားသားများဟာ နေအိမ် ရှာတဲ့အခါ၊ လက်ကိုင်ဖုံးဝယ်ယူတဲ့အခါ၊ ဘဏ်စါရင်းဖွင့်တဲ့အခါ (သို့) အလားတူနေ့တဓူဝ အမှုကိစ္စများ ဆောင်ရွက်တဲ့ အခါတိုင်း နေထိုင်ခွင့် လက်မှတ်(Zairyu card)ကို ပြသဖို့ ဖြစ်လာပါပြီ။

❖ ဗီဇာအလိုက် အလုပ်ခွင့်(သို့)အလုပ်အကိုင်ဆိုင်ရာ ကန့်သတ်ချက်များ ကို ဖြစ်မနေ စစ်ဆေးကြည့်ရှုရန် တာဝန်ဖြစ်လာခြင်း၊

အလုပ်လုပ်ခွင့်မရှိသော (သို့) အလုပ်လုပ်ခွင့် ကန့်သတ်ခံထားရသော နိုင်ငံခြားသားတဦး မသိပဲ မှားယွင်း အလုပ် မခန့်မိစေရန် အသစ် ပြုပြင် ပြဌာန်းထားတဲ့ ဥပဒေသစ်က အလုပ်ရှင်အားလုံးအား အလုပ်ခန့်မည့်နိုင်ငံ ခြားသား၏ နေထိုင်ခွင့် လက်မှတ်(Zairyu card)ကို စစ်ဆေးလျှက် အလုပ်လုပ်ခွင့် ရှိမရှိကို သေချာစွာစစ်ဆေး

ရန် ညွှန်ကြားထားပါသည်။ အကယ်၍ အလုပ်ရှင်က အလုပ်လုပ်ခွင့် မရှိသော နိုင်ငံခြားသားတဦးကို အလုပ်ခန့်ခဲ့ပါက အလုပ်ရှင်အား ဒဏ်ခတ်အရေးယူနိုင်ပါသည်။

ရလာဒ်အားဖြင့် အသစ် ပြုပြင် ပြဌာန်းထားတဲ့ ဥပဒေသစ်အရ နေထိုင်ခွင့်လက်မှတ်(Zairyu card) (သို့) အထူးအမြဲ အခြေစိုက် နေထိုင်ခွင့်လက်မှတ် မရှိတဲ့ နိုင်ငံခြားသားတဦးဟာ ဂျပန်နိုင်ငံမှာ အသက်ရှင်ရပ်တည်နေနိုင်ဖို့ အလုပ်လုပ်ခွင့် ရှိတော့မှာ မဟုတ်ပါဘူး။

တနည်းပြောရရင်၊ အသစ် ပြုပြင် ပြဌာန်းထားတဲ့ ဥပဒေသစ်အရ..... .....

ဂျပန်နိုင်ငံတွင် တရားဝင် နေထိုင်ခွင့်ဗီဇာ မရှိပဲ နေထိုင်ခြင်းအတွက် ပြစ်ဒဏ်ခတ်မှုတွေဟာ ပိုပြီးပြင်းထန်လာပြီဆိုတဲ့ အဓိပ္ပါယ် သက်သက်တင်မကတော့ပါဘူး၊ အသစ် ပြုပြင် ပြဌာန်းထားတဲ့ ဥပဒေသစ်အရ လက်တွေ့ လုပ်ဆောင်လာမယ်ဆိုရင် အမှန်စင်စစ် သင်ကို ဂျပန်လူမှုအဖွဲ့အစည်းရဲ့အပြင်အပ ကိုရောက်အောင် ဖယ်ထုတ် လိုက်ပြီး မြင်ကွင်းက ပျောက်ကွယ် သွားအောင်လုပ်လိုက်တာသာဖြစ်ပါတယ်။

- ❖ ဒါဟာ ဂျပန်လူ့အဖွဲ့ အစည်းအတွက် အနှုတ်လက္ခဏာ ဖြစ်ပါတယ်။

ယနေ့ကာလ အထိ မရေမတွက်နိုင်သော တရားဂင်နေထိုင်ခွင်ဗီဇာ မရှိသူများ ("မှတ်ပုံတင်စါရင်း မဝင်သူများ") က ဂျပန်ရဲ့ စီးပွားရေး အတွက် ကောင်းကျိုးတွေ အမြောက်အများပြုခဲ့ကြပြီး၊ ညစ်ပတ်ပေရေသော၊ အန္တရာယ်များသော၊ နိမ့်ကျသော အလုပ်များဖြင့်ကျွန်တော်တို့ ဘဝတွေကို ဆိုပြေစေဖို့ ထောက်ကူပြုခဲ့ကြရင်း ဂျပန် လူမှုအဖွဲ့အစည်းထဲ ဝင်ရောက်လာခဲ့ကြပါတယ်။

မိမိရဲ့ မိသားစုနှင့် မိမိလူမှုအဖွဲ့အစည်းအတွက် အလုပ်ကြိုးစားလုပ်ခဲ့တဲ့ အလုပ်သမားများ၊ မိမိ ရင်သွေးရဲ့ ပျော်ရွှင် ချမ်းမြေ့မှုအတွက် ဆုတောင်းနေတဲ့မိဘများ၊ အနာဂတ်အတွက်အိပ်မက်မက်နေတဲ့ ကလေးများ မိမိနိုင်ငံရင်းတွင် နိပ်စက်ညည်းပမ်းခွခဲ့ရမှုကြောင့် ထွက်ပြေးလွတ်မြောက်လာပြီး ဂျပန်နိုင်ငံတွင် ဒုက္ခသည်အဖြစ် အသိအမှတ်ပြု ခံရဖို့ လျှောက်ထားဆဲပုဂ္ဂိုလ်များ ..... ..... အထက်ပါ တရားဂင်နေထိုင်ခွင်ဗီဇာ မရှိသူများ ("မှတ်ပုံတင်စါရင်း မဝင်သူများ")အားလုံးတွင် တမူထူးခြားသော အတွေ့အကြုံနှင့် ဘဝနောက်ခံများရှိနေကြသော်လည်း အားလုံးက ဂျပန်နိုင်ငံအတွင်း မိမိဘဝကို ထူထောင်နိုင်ရန် အားကုန်ထုတ် ရုန်းကန်နေကြပါသည်။

- ❖ ဂျပန် အစိုးရရဲ့ လက်တွေ့မကျသော လူဂင်မှုကြီးကြပ်ရေး ပေါ်လစီများရဲ့ သားကောင်ဖြစ်နေကြရတဲ့ တရားဂင် နေထိုင် ခွင့်ဗီဇာ မရှိသူများ ("မှတ်ပုံတင်စါရင်း မဝင်သူများ")သည် ရာဇဝတ်မှု တစုံတရာ ကျူးလွန်ခြင်း မရှိပါပဲလျှက် အုပ်ချုပ်ရေးဆိုင်ရာ စည်းကမ်း တခုဖြစ်သော လူဝင်မှုကြီးကြပ်ရေး ဥပဒေဖေါက်ဖျက်ရုံမျှဖြင့် ရာဇဝတ်သားများအဖြစ်ပြုမှုဆက်ဆံခံနေကြရပါတယ်။

- ❖ Kyo-sei လို့ ဂျပန်လိုခေါ်တဲ့ လူမှုဒေသတခုတွင် အတူတကွ ယှဉ်တွဲနေထိုင်နိုင်စွမ်းရှိမှု ဟာ နိုင်ငံသားဖြစ်မှုချို့ငဲ့ခြင်း (သို့) တရားဝင်နေထိုင်မှု ဗီဇာ မရှိခြင်းတို့နှင့်မည်သို့မျှ သက်ဆိုင်ခြင်းမရှိပါ။

ဤဦးတည်ချက်မဲ့ တလွဲတချော်ဖြစ်နေသော ဥပဒေများက ဂျပန်နိုင်ငံသားများနှင့် ဂျပန်အခြေစိုက် နိုင်ငံခြားသားများအား ငြိမ်းချမ်းစွာ အတူနေထိုင်နိုင်ရေးကို တားဆီးနေသည်မှာ စိတ်မကောင်းစရာ အမှန်ပင်ဖြစ်တော့သည်။

ပြီးပါပြီ။

တည်းဖြတ်သည့်အဖွဲ့အစည်း(အင်္ဂလိပ်ဘာသာ)။ ။ Meeting of Countermeasure against Immigration relevant laws / Solidarity network with Migrants Japan (SMJ) NGO Committee against the introduction of "*Zairyu* card (resident card)"system.

ထုတ်ဝေသူ။ ။National Christian Conference on Issues of the Alien Registration Law

မြန်မာဘာသာပြန်သူ။ ။တင်ဝင်း၊ ဥက္ကဌ - မြန်မာနိုင်ငံအလုပ်သမားများအဖွဲ့ချုပ်-ဂျပန်ပြည် (FWUBC-Japan)